


VOLUME I, ISSUE 20 9 February 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်(၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၃ |
| ၃ | (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင် | ၄ |
| ၄ | (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ | ၉ |
| ၅ | မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ သံတမန်များနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြား | ၁၁ |
| ၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိ | ၁၅ |
| ၈ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၇ |
| ၉ | ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ | ၁၉ |
| ၁၀ | ပုလဲမြို့နယ်ရှိ ပုလဲမြို့မရဲစခန်းအား PDF အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်၊ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး | ၂၁ |
| ၁၁ | ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ | ၂၁ |
| ၁၂ | သံဃာတော်တစ်ပါးစီးနင်းလာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက် | ၂၈ |
| ၁၃ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၉ |
| ၁၄ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုတို့နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် | ၃၀ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်(၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖေဖော်ဝါရီလ ၇ ရက်တွင် ကျရောက်သည့်(၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာပါကောက်နုတ်ချက်များမှာ-

- ရှမ်းပြည်နယ်သည် တစ်ဖက်နိုင်ငံများနှင့် ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ကာ မြေပေါ်မြေအောက်သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများဖြင့် ရေခံမြေခံကောင်းများလည်းရှိပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်လာခဲ့ကြသော်လည်း နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရကြောင်း။
- ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်နောက် ဗြိတိသျှစစ်တပ်သည် ဗမာနိုင်ငံအား ပြန်လည်သိမ်းပိုက်ခဲ့ရာ ရှမ်းပြည်နယ်စော်ဘွားများ၊ လူထုခေါင်းဆောင်များနှင့် ပြည်သူလူထုသည် စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံစားခဲ့ရသည့်ကြားမှာပင် နိုင်ငံရေးအရ နိုးကြားတက်ကြွလာခဲ့ကြကြောင်း။
- မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း။
- ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ရှမ်း၊ ကချင်၊ ချင်းစသည့် တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့်သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ကြောင်း။
- (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့သည် မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုကာလလည်းဖြစ်သဖြင့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့မြတ် အခါသမယပင် ဖြစ်ကြောင်း။
- ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သောစစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ကာ မိမိတို့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ကာဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းလိုကြောင်း။

- နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာကြုံတွေ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ နိုင်ငံနှင့် ပြည်သူအကျိုးကိုမကြည့်ဘဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲစိတ်ဖြင့် လွဲမှားစွာ ဆောင်ရွက်နေသည့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အသိ၊ သတိဖြင့် သုံးသပ်ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး သတိပြုသင့်ကြကြောင်း။
- မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသောဖက်ဒရယ်စနစ်ကို အခြေခံသောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**

- **ရှမ်းပြည်နယ်သည် တစ်ဖက်နိုင်ငံများနှင့်ဆက်စပ်နေသဖြင့် နိုင်ငံအတွက်အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ကာ ရေခံမြေခံကောင်းများလည်းရှိပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိ။**
- **ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သောစစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ကာ မိမိတို့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာနေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်။**
- **နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာကြုံတွေ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိ။**
- **ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာ-

- (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် တက်ညီလက်ညီပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။
- ထာဝရငြိမ်းချမ်းရေးကိုရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီးဖြစ်ပါကြောင်း။
- စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ လိုအပ်ချက်များနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ဆပ်ကော်မတီများအလိုက် ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၂-၂၀၂၂)**

- **(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ထာဝရငြိမ်းချမ်းရေးကိုရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများမှအပ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီးဖြစ်ကြောင်း အလေးထားပြောကြားခဲ့။**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားသို့ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်



၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စု အလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင် ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့ပါသည်။

ရန်ကုန်မြို့တော်ခန်းမ ညီလာခံခန်းမရှိ ငွေဖလားတွင် စိုက် ထူထားသော ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က တပ် မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံသယ် ဆောင်၍ မြို့တော်ခန်းမ အလေးပြုခံစင်မြင့် ငွေဖလား၌ စိုက် ထူပြီးနောက် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည် ထောင်စုအလံတော်အား အလေးပြုခဲ့ကြပါသည်။

ပြည်ထောင်စုအလံတော်ကို တာဝန်ရှိသူများက ဝန် ထမ်းများခြံရံလျက် အဆင့်ဆင့်လက်ဆင့်ကမ်းလွှဲပြောင်းသယ် ဆောင်ပြီး ပြည်ထောင်စုလေယာဉ်ပေါ်ရှိ ငွေဖလားတွင်စိုက်ထူကာ အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ ပြည် ထောင်စု လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက် လက်သယ်ဆောင်ခဲ့ကြပြီး ပြည်ထောင်စုနေ့ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ပြည်ထောင်စုအလံတော်သယ် ယူရေးအဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သယ်ဆောင်ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုအလံတော်အား တာဝန် ရှိသူများက ဝန်ထမ်းများခြံရံလျက် အဆင့်ဆင့်လက်ဆင့်ကမ်း လွှဲပြောင်းသယ်ဆောင်ကာ ပြည်ထောင်စုလေယာဉ်ပေါ်ရှိ ငွေဖလား အတွင်းစိုက်ထူပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်မြို့တော်ခန်းမသို့ လွှဲပြောင်းသယ်ဆောင်ခဲ့ကြပါ သည်။

ထို့နောက် နေပြည်တော်မြို့တော်ခန်းမရှေ့၌ နေပြည် တော်မြို့တော်ဝန်ထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်း ပေးအပ်ခဲ့ရာ မြို့တော်ဝန်က တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် အလံစောင့်အဖွဲ့နှင့် တိုင်း ရင်းသား၊ တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ရပ် နားမည့် နေပြည်တော်မြို့တော်ခန်းမရှိ ငွေဖလား၌ ပြည်ထောင်စု အလံတော်ကို စိုက်ထူခဲ့ပြီး တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ နှင့်အတူ ပြည်ထောင်စုအလံတော်အား အလေးပြုခဲ့ကြပါသည်။

ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင့်ဆင့်သယ်ဆောင် ရာ လမ်းတစ်လျှောက်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နေပြည်တော်မြို့တော်ခန်းမသို့ သယ်ဆောင်ရာ လမ်းတစ်လျှောက်၌ တိုင်းရင်းသားပြည်သူများ၊ တပ်မတော် သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက အလံငယ်များဝှေ့ယမ်း၍ ပြည်ထောင်စု အလံတော်အား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**




ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက သယ်ဆောင်လာမှု



ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သယ်ဆောင်လာမှု

- ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားၤ၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စု အလံတော်အား ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှတစ်ဆင့် နေပြည်တော်မြို့တော်ခန်းမသို့ အဆင့်ဆင့်လက်ဆင့် ကမ်းသယ်ဆောင်သည့်အခမ်းအနား ကျင်းပခဲ့။

- ပြည်ထောင်စုအလံတော်သယ်ဆောင်ရာ လမ်းတစ်လျှောက်၌ တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက အလံငယ်များဝှေ့ယမ်း၍ ပြည်ထောင်စုအလံတော်အား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြ။

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူသည့် ပြည်ထောင်စုအလံတော်အား သယ်ဆောင်ရာတွင် ရန်ကုန်မြို့၌ ကြိုဆိုနှုတ်ဆက်ကြသည့် မြင်ကွင်းပုံရိပ်များ












# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားဌ် အလေးပြုခြင်းခံယူသည့် ပြည်ထောင်စုအလံတော်အား သယ်ဆောင်ရာတွင် ရန်ကုန်မြို့နှင့်နေပြည်တော်ကောင်စီနယ်မြေဌ် ကြိုဆိုနှုတ်ဆက်ကြသည့် မြင်ကွင်းပုံရိပ်များ














### (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူသည့် ပြည်ထောင်စုအလံတော်အား သယ်ဆောင်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၌ ကြိုဆိုနှုတ်ဆက်ကြသည့် မြင်ကွင်းပုံရိပ်များ











# (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ



(၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်တွင် တောင်ကြီးမြို့ အဝေးရာ မီးပုံးပျံကွင်း၌ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဂုဏ်ပြုဆုရသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက်စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ သုတေသနဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအစုံ ၁၅၀ ပေးအပ်လှူဒါန်းခဲ့ပါသည်။


ထို့ပြင် ကလောမြို့နယ် ဟဲဟိုးအင်းခေါင်းတွင် (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ရှမ်းပြည်နယ်ဟင်းသီးဟင်းရွက်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက တောင်သူအဖွဲ့အစည်းများကို ထောက်ပံ့မြေသြဇာအိတ်များပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသော ပြခန်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၂-၂၀၂၂)**



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် နေရောင်ခြည်စွမ်းအင်သုံးဆိုလာများကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူနေမှု



(၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု

- (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်တွင် တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပခဲ့။
- အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၇၅) နှစ်မြောက်စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့။
- အခမ်းအနားတွင် ကဏ္ဍအသီးသီး၌ ထူးချွန်ဆုရရှိသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများပေးအပ် ချီးမြှင့်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် နေရောင်ခြည် စွမ်းအင်သုံးဆိုလာအစုံ ၁၅၀ ပေးအပ်လှူဒါန်းခဲ့။
- ကလောမြို့နယ် ဟဲဟိုးအင်းခေါင်းတွင် (၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ရှမ်းပြည်နယ် ဟင်းသီးဟင်းရွက်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး တောင်သူအဖွဲ့အစည်းများကို ထောက်ပံ့မြေသြဇာအိတ်များပေးအပ်ခဲ့။

# မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ သံတမန်များနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြား






**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့ကို လက်ရှိပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေမှု**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြားမှုအစီအစဉ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)၊ ဝန်ဇင်းမင်းရာဇာခန်းမ၌ ဖေဖော်ဝါရီလ ၈ ရက်တွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်၌ ပြည်ထောင်စုဝန်ကြီးက–

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ နိုင်ငံတော်တစ်ဝန်း အရေးပေါ် အခြေအနေ ကြေညာခဲ့ခြင်းနှင့်အတူ ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အာဏာ(၃)ရပ်ကို လွှဲပြောင်းပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများအား စိစစ်ခဲ့ရသည့်အခြေအနေများ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပြန်လည်ကျင်းပသွားမည့် အခြေအနေများ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှုအဆင့်ဆင့်တွင် တိုင်းရင်းသားကိုယ်စားပြုသူများ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များနှင့် တပ်မတော်မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် စစ်ဘက်အုပ်ချုပ်ရေးမဟုတ်သည်ကို ထင်ရှားစေသည့်အခြေအနေများ။
- ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့မှုနှင့် ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များမြန်မာနိုင်ငံသို့ လာရောက်ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံမူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကုလသမဂ္ဂတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ။
- မြန်မာအစိုးရသည် ပြည်သူများ၏ အသက်ထက် မည်သည့်အရာကမျှ အရေးမကြီး၊ တန်ဖိုးမရှိဟူသောခံယူချက်ဖြင့် တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့အပါအဝင် ချစ်ကြည်ရင်းနှီးသောနိုင်ငံများမှ ကိုဗစ်–၁၉ ကာကွယ်ဆေးများရရှိရေးဆောင်ရွက်နေမှုနှင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား (၉၇,၀၀၀)ဦးကို နေရပ်သို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့မှု အခြေအနေများ။
- အကြမ်းဖက်အဖွဲ့များဖြစ်သည့် PDF၊ NUG နှင့် CRPH တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ရဟန်းသံဃာတော်များ ထိခိုက်သေဆုံးခဲ့ရမှုများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းနှင့် တံတားများကဲ့သို့သော အများပြည်သူဆိုင်ရာ အဆောက်အဦများပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများ။




**သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့က ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုနေမှု**

- အကြမ်းဖက်အဖွဲ့များ၊ ၎င်းတို့နှင့် ဆက်နွယ်မှုရှိသူများကို စုံစမ်းစစ်ဆေးမှုနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများ၊ လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိခဲ့မှုများနှင့် အဆိုပါ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို UN-CTED၊ ACCT ၊ ASEANAPOL နှင့် INTERPOL တို့က ရှုတ်ချရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ၎င်းတို့၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် တိုက်တွန်းသည့်အခြေအနေများ။
- နိုင်ငံတော် သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်တို့ကို ထိရောက်စွာ အသုံးချရေး၊ ပြည်တွင်းစီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ကိုဗစ်-၁၉ ကပ် ရောဂါကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်တိုက်ဖျက်သွားရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပါတီစုံဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်သွားရန်၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း၍ နှစ်ဘက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားရန် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပေါ် စုံစမ်းစစ်ဆေးခဲ့ရမှုများမှ တွေ့ရှိခဲ့ရမှုများနှင့် လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဒေါ်ရင်ရင်နွယ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုကိစ္စရပ်များ၊ အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ အရင်းခံအကြောင်းရင်းများနှင့် အခြေအနေမှန်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်တာဝန်များကို ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်အောင်ဌေးမြင့်က နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF တို့မှ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုများ၊ နိုင်ငံတစ်နိုင်ငံ၏ အကြမ်းဖက်အဖွဲ့ သို့မဟုတ် အကြမ်းဖက်သမားတို့အား နိုင်ငံတစ်နိုင်ငံက လက်ခံခြင်း၊ ထောက်ပံ့ကူညီခြင်းစသည့်လုပ်ရပ်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၁၇၆၊ ၂၃၆၈ နှင့် ၂၀၅၀ တို့အရ ပြစ်မှုမြောက်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်က အိုမီခရွန်မျိုးကွဲအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံသစ်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားခဲ့ပါသည်။

ရှင်းလင်းပြောကြားမှုအစီအစဉ် ပြီးဆုံးသည့်နောက် တက်ရောက်လာသူများမှ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**

## သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့အား လက်ရှိပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများမှ ရှင်းလင်းပြောကြားနေမှု



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဒေါ်ရင်ရင်နွယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်



ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် အောင်ဌေးမြင့်

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပြန်လည်ကျင်းပသွားမည့် အခြေအနေများ။
- မြန်မာအစိုးရသည် တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့အပါအဝင် ချစ်ကြည်ရင်းနှီးသောနိုင်ငံများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိရေးဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား (၉၇,၀၀၀)ဦးကို နေရပ်သို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့မှုအခြေအနေများ။
- အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို UNCTED၊ ACCT၊ ASEANAPOL နှင့် INTERPOL တို့က ရှုတ်ချရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ၎င်းတို့၏ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် တိုက်တွန်းသည့်အခြေအနေများ။
- နိုင်ငံတစ်နိုင်ငံ၏ အကြမ်းဖက်အဖွဲ့ သို့မဟုတ် အကြမ်းဖက်သမားတို့အား နိုင်ငံတစ်နိုင်ငံက လက်ခံခြင်း၊ ထောက်ပံ့ကူညီခြင်းစသည့်လုပ်ရပ်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၁၇၆၊ ၂၃၆၈ နှင့် ၂၀၅၀ တို့အရ ပြစ်မှုမြောက်သည့် အခြေအနေများ။
- အိုမီခရွန်မျိုးကွဲအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံသစ်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားခဲ့။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး





**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့အကျိုးပြုကျောင်းသားများပါတီနှင့် ခေတ်သစ်ပြည်ထောင်စုပါတီတို့အား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေးနေမှု**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (၄)နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားခြင်းရှိ/မရှိ တို့ကို စစ်ဆေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစစ်ဆေးရေးဦးစီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရန်ကုန်မြို့အခြေစိုက် ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊ ခေတ်သစ်ပြည်ထောင်စုပါတီ၊ လူထုပါတီ (The Party for People)နှင့် ပြည်သူ့အင်အားပါတီတို့ကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိ ခေတ်သစ်ပြည်သူ့ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၊ ကမန်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီတို့ကိုလည်းကောင်း စစ်ဆေးခံနိုင်ရန် အကြောင်းကြားထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကချင်ပြည်နယ်အခြေစိုက်ပါတီ ၅ ပါတီ၊ ကရင်ပြည်နယ်အခြေစိုက်ပါတီ ၂ ပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီးအခြေစိုက်ပါတီ ၂ ပါတီ၊ တနင်္သာရီတိုင်းဒေသကြီးအခြေစိုက်ပါတီ ၁ ပါတီ၊ ပဲခူးတိုင်းဒေသကြီးအခြေစိုက်ပါတီ ၃ ပါတီ၊ မန္တလေးတိုင်းဒေသကြီးအခြေစိုက်ပါတီ ၂ ပါတီ၊ မွန်ပြည်နယ်အခြေစိုက်ပါတီ ၃ ပါတီ၊ ရခိုင်ပြည်နယ်အခြေစိုက်ပါတီ ၇ ပါတီ၊ ရန်ကုန်တိုင်းဒေသကြီးအခြေစိုက်ပါတီ ၂၄ ပါတီ၊ ရှမ်းပြည်နယ်အခြေစိုက်ပါတီ ၁၃ ပါတီ၊ ဧရာဝတီတိုင်းဒေသကြီးအခြေစိုက်ပါတီ ၁ ပါတီနှင့် ပြည်ထောင်စုနယ်မြေအခြေစိုက်ပါတီ ၄ ပါတီ၊ စုစုပေါင်း နိုင်ငံရေးပါတီ ၆၇ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လူထုပါတီ(The Party for People)နှင့် ပြည်သူ့အင်အားပါတီတို့အား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေးနေမှု

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့အခြေစိုက် ပြည်သူ့အကျိုးပြု ကျောင်းသားများပါတီ၊ ခေတ်သစ်ပြည်ထောင်စုပါတီ၊ လူထုပါတီ (The Party for People)နှင့် ပြည်သူ့အင်အား ပါတီတို့ကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့။
- ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ၈၈ မျိုးဆက် ကျောင်းသား လူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီတို့ကို စစ်ဆေးခံနိုင်ရန် အကြောင်းကြားထား။
- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိ ခေတ်သစ်ပြည်သူ့ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ၊ ကမန်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီတို့ကို စစ်ဆေးခံနိုင်ရန် အကြောင်းကြားထား။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယနေ့ထိ နိုင်ငံရေးပါတီ ၆၇ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်။

## မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံ Ministry of New and Renewable Energy၊ Ministry of External Affairs၊ The Energy and Resources Institute (TERI) နှင့် ASEAN Centre for Energy (ACE)တို့ပူးပေါင်း၍ Experience and Innovations for Int-egrated Renewables Market ခေါင်းစဉ်ဖြင့် SGE ASEAN-India High Level Conference on Renewable Energy အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့်ကျင်းပခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးတက်ရောက်၍ အဖွင့် အမှာစကားပြောကြားခဲ့ရာ-

- မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းကို နေစွမ်းအင် (Solar Energy)၊ လေစွမ်းအင် (Wind Energy) ကဲ့သို့သော ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များမှ ဓာတ် အားထုတ်လုပ်နိုင်ရေး ရည်မှန်းထားရှိပါကြောင်း။
- အဆိုပါရည်မှန်းချက်ပြည့်မီစေရေးအတွက် လျှပ်စစ်ဓာတ် အား မဂ္ဂါဝပ် ၃၇၀ နှင့် မဂ္ဂါဝပ် ၃၉၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်




ရေးစီမံကိန်း ၁၆ ခုကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

- နိုင်ငံအနှံ့ဖြစ်နိုင်သမျှနေရာများတွင် Floating Solar စီမံကိန်းများ၊ Rooftop Solar စီမံကိန်းများနှင့် အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထူးကြိုးပမ်းလျက်ရှိပါကြောင်း။
- အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့်လည်း လျှပ်စစ်ဓာတ်အားစနစ် ချိတ်ဆက်ရောင်းဝယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။
- မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ ခုနှစ်တွင် ဒေသတွင်းစွမ်းအင်သုံးစွဲမှု Total Primary Energy Supply (TPES)၏ ၂၃ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များမှ ရယူသုံးစွဲနိုင်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြန်ပြည့်မြဲစွမ်းအင်(Renewable Energy)ပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၂-၂၀၂၂)**

- **မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းကို နေစွမ်းအင်နှင့် လေစွမ်းအင်တို့ကဲ့သို့သော ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များမှ ဓာတ်အားထုတ်လုပ်နိုင်ရေးရည်မှန်းထားရှိ။**
- **မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ ခုနှစ်တွင် ဒေသတွင်းစွမ်းအင်သုံးစွဲမှု Total Primary Energy Supply (TPES) ၏ ၂၃ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များမှ ရယူသုံးစွဲနိုင်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**ရသေ့တောင်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီ လ ၈ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၃၆ သန်းနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၃ ဒသမ ၁၄ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၂ ဒသမ ၁၂ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၂၄၄,၄၈၆ ဦးရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဖေဖော်ဝါရီလ ၈ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၄၅၂,၃၈၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၀၉,၁၈၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နယ်စပ်ဂိတ်၊ ကန်ပိုက်တီနယ်စပ်ဂိတ်၊ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းနယ်စပ်ဂိတ်နှင့် ထီးခီးနယ်စပ်ဂိတ်၊ ရှမ်းပြည်နယ်၊ မူဆယ်နယ်စပ်ဂိတ်၊ တာချီလိတ်နယ်စပ်ဂိတ်၊ ဝမ်ပုံဆိပ်ကမ်း(လားအို)နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၈-၂-၂၀၂၂ ရက်အထိ ၆၅,၃၈၇ ဦး ပြန်လည်ဝင်ရောက်လာခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၈ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅,၁၅၆ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁,၁၄၅ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၄.၅၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၈-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၅၇၁,၄၉၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၉,၅၅၄ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၉,၃၁၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**



ဝမြို့၌ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ကံမမြို့နယ်၌ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး
Booster Dose ထိုးနှံပေးနေမှု



မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို
နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးနေမှု

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၈ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၃၆ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၁၄ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၂ ဒသမ ၁၂ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၂၄၄,၄၈၆ ဦးရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဖေဖော်ဝါရီလ ၈ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၄၅၂,၃၈၆ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၀၉,၁၈၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၈-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၅၇၁,၄၉၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၉,၅၅၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦး ဖြစ်ပြီး ၈-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၄.၅၅ ရာခိုင်နှုန်းရှိ။

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ




**ဧရာဝတီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပန်းခင်းစီမံချက်အား ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်မှ မဲဆန္ဒရှင် ၃.၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၄-၂-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးပြီးစီးမှုအခြေအနေများမှာ -

| မွေးရာပါနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | |
|---|---|---|---|---|---|
| အိမ်ထောင်စုလူဦးရေစာရင်း | | | ကိုင်ဆောင်လက်မှတ် | | |
| တရားဝင် အထစ | M အထစ | ပေါင်း | နိုင် ၃ (က) | နိုင် ၆(က) | ပေါင်း |
| ၃၁၈,၈၃၁ | ၁၆,၆၆၆ | ၃၃၅,၄၉၇ | ၄၂၄,၈၀၇ | ၁,၉၁၉,၆၁၀ | ၂,၃၄၄,၄၁၇ |

| ဥပဒေအရနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | | |
|---|---|---|---|---|---|---|
| ကိုင်ဆောင်လက်မှတ် | | | | | | |
| ၁၀ နှစ်ပြည့် | | | ၁၈ နှစ်ပြည့် | | | ပေါင်း |
| နိုင် ၃(က) | ဧည့် ၈(က) | ပြု ၁၀(က) | နိုင် ၆(က) | ဧည့် ၄(က) | ပြု ၆(က) | |
| ၁၀,၆၉၀ | ၁၅ | ၃၀၂ | ၅၀,၉၁၉ | ၉၀ | ၂,၃၅၅ | ၆၄,၃၇၁ |

မှတ်ချက်။ နိုင်၃(က)၊ ဧည့်၈(က)၊ ပြု၁၀(က) = ၁၀နှစ်ပြည့်နိုင်/ဧည့်/ပြု
နိုင်၆(က)၊ ဧည့်၄(က)၊ ပြု၆(က) = ၁၈နှစ်ပြည့်နိုင်/ဧည့်/ပြု
တရားဝင် အထစ = တရားဝင် အိမ်ထောင်စုစာရင်း
M အထစ = ရွှေ့ပြောင်း အိမ်ထောင်စုလူဦးရေစာရင်း

## မြို့နယ်အသီးသီး၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့်မှတ်တမ်းဓာတ်ပုံများ










၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အားလုံး၌ ပန်းခင်းစီမံချက်လျာထားချက်ထက် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒုတိယမြောက်တိုင်းဒေသကြီးဖြစ်ပြီး ဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များ တပ်ဆင်ပေးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် "ပန်းခင်း" စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းကတ်ပြားစုစုပေါင်း ၃၃၉,၉၆၇ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(ကိုင်ဆောင်လက်မှတ်) စုစုပေါင်း ၂,၄၀၈,၇၈၈ ခု ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ "ပန်းခင်း" စီမံချက် အောင်မြင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**

- **၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အားလုံး၌ ပန်းခင်းစီမံချက် လျာထားချက်ထက် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒုတိယမြောက်တိုင်းဒေသကြီးဖြစ်ပြီး ဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးခဲ့။**
- **တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် "ပန်းခင်း" စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၄-၂-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေ စာရင်းကတ်ပြားစုစုပေါင်း ၃၃၉,၉၆၇ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(ကိုင်ဆောင်လက်မှတ်)စုစုပေါင်း ၂,၄၀၈,၇၈၈ ခု ထုတ်ပေးခဲ့ပြီးဖြစ်။**

## ပုလဲမြို့နယ်ရှိ ပုလဲမြို့မရဲစခန်းအား PDF အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်၊ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး

ဖေဖော်ဝါရီလ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ရှိ ပုလဲမြို့မရဲစခန်းအား PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့သဖြင့် အကြမ်းဖက်သမားများသည် ရဲစခန်းအနောက်ဘက် မြကုန်းကျေးရွာသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် ယင်းမာပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြလေး(၆၃)နှစ်၏ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဦးမြလေးနေအိမ်နှင့် ပတ်ဝန်းကျင်နေအိမ်များ မီးကူးစက်လောင်ကျွမ်းခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးသတ်ယာဉ် ၂ စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မီးလောင်မှုကြောင့် ဦးမြလေးနေအိမ်ပါ အပြစ်မဲ့ပြည်သူနေအိမ် ၁၀ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားများသည် ၎င်းတို့အား မထောက်ခံသည့် ကျေးရွာများအား မကြာခဏတိုက်ခိုက်ဖျက်ဆီးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာချိန်တွင် ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးမှူးများ၊ ကြံ့ခိုင်ရေးပါတီအား ထောက်ခံအားပေးသူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးလျက်ရှိပါသည်။ ထိုကဲ့သို့ PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင်ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီယာများမှ ထုတ်လွှင့်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက ပုလဲမြို့မရဲစခန်းအား လက်လုပ်စိန်ပြောင်း၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အပြစ်မဲ့ပြည်သူတို့၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများကျူးလွန်ခဲ့။**
- **PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင်ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီယာများမှ ထုတ်လွှင့်လျက်ရှိ။**

---

## ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နိုင်ငံတော်အစိုးရက CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု အထိတ်အလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေးအတွက် ဖော်ထုတ်ဖမ်းဆီးခြင်းများအား ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အတွင်း ဝမ်းတွင်းမြို့နယ်၌ ညီညီ(သေဆုံး)အပါအဝင် တရားခံ ၈ ဦးအား လက်နက်ငယ်မျိုးစုံ ၃ လက်၊ ကျည်မျိုးစုံ ၉၆ တောင့်၊ လက်လုပ်ဗုံး ၆ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါတရားခံများသည် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြပြီး NLD ပါတီဝင် စံမင်းအောင်ဦးဆောင်ဖွဲ့စည်းခဲ့သည့် WTRF အကြမ်းဖက်အဖွဲ့တွင် ပါဝင်ခဲ့ကြကြောင်းနှင့် စံမင်းအောင်မှ လက်နက်၊ ခဲယမ်းများထုတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

၎င်းတို့၏ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရဟန်း/ သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့မှုများအနေဖြင့်-

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နှင့် ၁၃ ရက်တို့တွင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် စံမင်းအောင်၏ စေခိုင်းမှုဖြင့် တရားခံ ၃ ဦးသည် ဝမ်းတွင်းမြို့နယ်၊ ဖလန်ကျင်းကျေးရွာအနီးရှိ Mytel တာဝါတိုင်၊ သဲတောလေးကျေးရွာအနီးရှိ Mytel တာဝါတိုင်၊ သုံးဒေါင့်အိုင်ကျေးရွာအနီးရှိ Mytel တာဝါတိုင်တို့အား လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း။



**တမာကုန်းကျေးရွာတွင် အကြမ်းဖက်သမား ၃ ဦးအား လက်လုပ်ဗုံး၃ လုံးနှင့်အတူ ဖမ်းဆီးရမိမှု**

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်အတွင်း ဝမ်းတွင်းမြို့နယ်အတွင်းရှိ မင်္ဂလာမှန်ကျောင်းတိုက်မှ ဆွမ်းဘုန်းပေးနေသည့် သံဃာတော် ၁ ပါး၊ ကျောင်းဆရာမ ၁ ဦးနှင့် အပြစ်မဲ့ပြည်သူ ၁၇ ဦးတို့အား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဝမ်းတွင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် WTRF အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် စံမင်းအောင်မှ အဓိကစေခိုင်းလျက်ရှိကြောင်း၊ ၎င်းသည် အကြမ်းဖက်ဖောက်ခွဲ သတ်ဖြတ်မှုပြုလုပ်သူများအား ငွေကျပ် ၅ သောင်းပေးအပ်၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိ တရားခံ သန့်ဇင်ထွန်းသည် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော WTRF အကြမ်းဖက်အဖွဲ့အား နောက်ကွယ်မှ ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

အထက်ပါ WTRF အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၃)ကြိမ်၊ ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု (၁၇)ကြိမ်တို့အား ကျူး လွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာ ကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၈-၂-၂၀၂၂)**



ဝမ်းတွင်းမြို့နယ်၊ တဲစုကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



ဝမ်းတွင်းမြို့နယ်၊ အင်းယင်းကျေးရွာအနီးရှိ လယ်ကွင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်လုပ်ဗုံးများ

- ဝမ်းတွင်းမြို့နယ်၌ ညီညီ(သေဆုံး)အပါအဝင် တရားခံ ၈ ဦးအား လက်နက်ငယ်မျိုးစုံ ၃ လက်၊ ကျည်မျိုးစုံ ၉၆ တောင့်၊ လက်လုပ်ဗုံး ၆ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။
- အဆိုပါတရားခံများသည် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများတက်ရောက်ခဲ့ကြပြီး NLD ပါတီဝင် စံမင်းအောင် ဦးဆောင်ဖွဲ့စည်းခဲ့သည့် WTRF အကြမ်းဖက်အဖွဲ့တွင် ပါဝင်ခဲ့ကြကြောင်းနှင့် စံမင်းအောင်မှ လက်နက်၊ ခဲယမ်းများ ထုတ်ပေးခဲ့။
- တရားခံများသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်အတွင်း ဝမ်းတွင်းမြို့နယ် အတွင်းရှိ မင်္ဂလာမုန်ကျောင်းတိုက်မှ ဆွမ်းဘုန်းပေးနေသည့် သံဃာတော် ၁ ပါး၊ ကျောင်းဆရာမ ၁ ဦးနှင့် အပြစ်မဲ့ ပြည်သူ ၁၇ ဦး တို့အား လုပ်ကြံသတ်ဖြတ်ခဲ့။
- ဝမ်းတွင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်အတွက် WTRF အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် စံမင်းအောင်မှ အဓိကစေခိုင်းလျက်ရှိပြီး ၎င်းသည် အကြမ်းဖက်ဖောက်ခွဲ သတ်ဖြတ်မှုပြုလုပ်သူများအား ငွေကျပ် ၅ သောင်းပေးအပ်၍ စေခိုင်းခဲ့ခြင်းဖြစ်။
- WTRF အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု (၃)ကြိမ်၊ ရဟန်း/ သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု (၁၇)ကြိမ်တို့အား ကျူးလွန်ခဲ့။

# ဝမ်းတွင်းမြို့နယ်အတွင်း ရဟန်း/သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခဲ့သော တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု

အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်စေခိုင်းသူ



ဝမ်းတွင်းမြို့နယ်၊ NLD ပါတီဝင် စံမင်းအောင်



နှင်းမောင်



ကျော်သက်



သန့်ဇင်ထွန်း



ငြိမ်းချမ်းဝင်း



ရဲရင့်သူ



လှိုင်စန်းဦး



မျိုးဝင်းသန့်





၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ ဖလန်ကျင်းကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင် မီးရှို့ဖျက်ဆီးခံရမှု




၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ သဲတောလေးကျေးရွာရှိ Mytel ဆက်သွယ်ရေးတာဝါတိုင် မီးရှို့ဖျက်ဆီးခံရမှု





၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ သုံးဒေါင့်အိုင်ကျေးရွာအနီး Mytel ဆက်သွယ်ရေးတာဝါတိုင် ဖျက်ဆီးခံရမှု



၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ သဲစုကျေးရွာတွင် အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု



၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးကျေးရွာတွင် အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု





၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ နဘဲကန်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့်ပစ်ခတ်ခံရမှု





၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ ကျင်းရွာကျေးရွာ၌ အမက(ကျင်းရွာ)မှ ကျောင်းဆရာမ ၁ ဦးနှင့် အပြစ်မဲ့ပြည်သူ ၁ ဦးအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခံရမှု





၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ သဲတောလေးကျေးရွာရှိ မင်္ဂလာမုန်ကျောင်းတိုက်တွင် ဆွမ်းဘုန်းပေးနေသည့် သံဃာတော် ၁ ပါး သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခံရမှု



၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ ဉာဏ်ကန်ကျေးရွာအနီးရှိ ကြေးဝါကြီးဘုရားဈေး၌ အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု



၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ ဝမ်းတွင်း(၃) ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူ ၁ ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရမှု





၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဝမ်းတွင်းမြို့နယ်၊ သဲတောလေးကျေးရွာ၌ အပြစ်မဲ့ပြည်သူ ၂ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု

# သံဃာတော်တစ်ပါး စီးနင်းလာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်




**PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှုကြောင့် မိုင်းစထိမှန်ပျက်စီးသွားသော မော်တော်ယာဉ်**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများအား လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ ရဟန်းသံဃာများ၊ သီလရှင်များအား ရက်ရက်စက်စက်သတ်ဖြတ်ခြင်းနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများအပေါ် အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်းများလုပ်ဆောင်လျက်ပါရှိသည်။

ဖေဖော်ဝါရီလ ၇ ရက်တွင် မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာရှိ "မင်္ဂလာသီရိ" ဘုန်းကြီးကျောင်းမှ ဆရာတော်ဦးစန္ဒိမာသည် ကွမ်းတောကျေးရွာနေ ဦးဆယ်ဘော မောင်းနှင်သည့် ယာဉ်ဖြင့် မြိုင်မြို့မှကျောင်းတိုက်သို့ ထွက်ခွာလာခဲ့ရာ ပုသိမ်-မုံရွာ ကားလမ်းမကြီး မိုင်တိုင်အမှတ် ၄၀၆ မိုင်နှင့် ၄၀၆ မိုင် ၁ ဖာလုံအရောက်၌ PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဆရာတော်နှင့် ယာဉ်မောင်းဦးဆယ်ဘောတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မော်တော်ယာဉ်၏ကိုယ်ထည်၌ မိုင်းစများ ထိမှန်ပျက်စီးခဲ့ပါသည်။

ပေါက်ကွဲမှုဖြစ်သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆရာတော်နှင့် ဦးဆယ်ဘောတို့အား ဆေးကုသမှုခံယူနိုင်ရေး ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသမှုပေးနေစဉ် ဆရာတော်မှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပါသည်။

ထိုကဲ့သို့ မိုင်းဆွဲတိုက်ခိုက်မှု ကျူးလွန်ခဲ့သည့်အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**

- **သံဃာတော်တစ်ပါး စီးနင်းလာသည့် မော်တော်ယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ဆရာတော်ပျံလွန်တော်မူ၍ ယာဉ်မောင်းအမျိုးသား ထိခိုက်ဒဏ်ရာရရှိခဲ့။**

## PDF အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သူများ



ဦးစန္ဒိမာ(ခ)ဦးဖိုးချစ်(ပျံလွန်တော်မူ)



ဦးဆယ်ဘော(ဒဏ်ရာရ)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဖေဖော်ဝါရီလ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၅ ဦး။
- ဖေဖော်ဝါရီလ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦးနှင့် ကရင်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၄ ဦးတို့ကို ဖမ်းဆီးခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်ထိ စုစုပေါင်း ၁၈၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**

- **ဖေဖော်ဝါရီလ ၇ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်ထိ တိုင်းဒေသကြီး ၃ ခုနှင့် ပြည်နယ် ၂ ခု၌ စုစုပေါင်း ၉ ဦး ဖမ်းဆီးခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၈ ရက်ထိ စုစုပေါင်း ၁၈၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**
- **လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်။**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုတို့နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသောတိုင်တန်းချက်များနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုတို့နှင့် စပ်လျဉ်းသည့်သတင်းထုတ်ပြန်ချက်အား ဖေဖော်ဝါရီလ ၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ သတင်းထုတ်ပြန်ချက်ကောက်နုတ်ချက်မှာ–

- ၂၀၂၁ ခုနှစ်အတွင်း လူ့အခွင့်အရေးဖောက်ဖျက်ခံရသည်ဟုဆိုကာ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်စောင်ရေ (၂၇၇)စောင်ကို လက်ခံရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ တိုင်တန်းချက် လက်ကျန် (၃၁)စောင်ရှိသဖြင့် စုစုပေါင်း တိုင်တန်းချက် (၃၀၈)စောင်ကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးက စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့။
- ကော်မရှင်မှလက်ခံရရှိသော တိုင်တန်းချက်များတွင် အများဆုံးရရှိသော အမှုအမျိုးအစားများမှာ မြေအငြင်းပွားမှု ၂၄.၁၈ ရာခိုင်နှုန်း၊ ရဲနှင့်သက်ဆိုင်သောအမှု ၅.၄၁ ရာခိုင်နှုန်း၊ တရားရေးနှင့်သက်ဆိုင်သောအမှု ၄.၆၉ ရာခိုင်နှုန်းနှင့် အကျဉ်းထောင် နှင့် သက်ဆိုင်သောအမှု ၄.၃၃ ရာခိုင်နှုန်းတို့ဖြစ်။
- တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ စိစစ်ပေးနိုင်ရန် ညှိနှိုင်းအကြောင်းကြားပေးပို့ခဲ့ရာ ၂၀၂၁ ခုနှစ်အတွင်း စိစစ်ပြန်ကြားစာ(၂၂၇)စောင် လက်ခံရရှိခဲ့ပြီး ယင်းပြန်ကြားချက်များကို သက်ဆိုင်ရာတိုင်ကြားသူများထံ အသိပေးပြန်ကြားပေးခဲ့။
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင် (၁၀)ခု၊ အချုပ်ထောင် (၁)ခု၊ အလုပ်စခန်း (၉)ခု၊ ရဲစခန်းအချုပ်ခန်း (၁၂)ခုနှင့် တရားရုံးအချုပ်ခန်း (၃)ခုတို့ကို ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့်ညီမညီ၊ လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့။
- ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အကျဉ်းသားအိပ်ဆောင်၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရေး၊ အကျဉ်းထောင်ဆေးခန်းနှင့် သန့်ရှင်းရေးဆိုင်ရာများ၊ မိလ္လာစနစ်ကောင်းမွန်ရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိရေး၊ အကျဉ်းထောင်စာကြည့်တိုက်နှင့် အစားအသောက်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်ဆိုင်ရာများပါဝင်သော အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့။
- ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ (၉၀)ဦးတို့ကို လက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းအကြောင်းကြားခြင်းများ ပြုလုပ်ခဲ့။
- ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ)ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ကြည့်ရှုစစ်ဆေးတွေ့ရှိချက်များအပေါ် အကြံပြုချက်များ ပေးပို့ခဲ့။
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင်များ၊ အလုပ်စခန်းများနှင့် လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် သုတ၊ ရသ စာအုပ်စာပေ

(၃,၅၆၀)အုပ်နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ်များကို လှူဒါန်းပေးခဲ့။

လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူ၏ အခွင့်အရေးဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်သဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူ၏အခွင့်အရေး ဖောက်ဖျက်ခံရခြင်းများ ခံစားတွေ့ကြုံရပါကလည်း တိုင်တန်းနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၂-၂၀၂၂)**

- **၂၀၂၁ ခုနှစ်အတွင်း လူ့အခွင့်အရေးဖောက်ဖျက်ခံရသည်ဟုဆိုကာ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်စောင်ရေ (၂၇၇)စောင်ကို လက်ခံရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ တိုင်တန်းချက်လက်ကျန် (၃၁)စောင်ရှိသဖြင့် စုစုပေါင်း တိုင်တန်းချက် (၃၀၈)စောင်ကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးက စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့။**
- **ကော်မရှင်မှလက်ခံရရှိသော တိုင်တန်းချက်များတွင် အများဆုံးရရှိသော အမှုအမျိုးအစားများမှာ မြေအငြင်းပွားမှု ၂၄.၁၈ ရာခိုင်နှုန်း၊ ရဲနှင့်သက်ဆိုင်သောမှု ၅.၄၁ ရာခိုင်နှုန်း၊ တရားရေးနှင့်သက်ဆိုင်သောအမှု ၄.၆၉ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်နှင့် သက်ဆိုင်သောအမှု ၄.၃၃ ရာခိုင်နှုန်းတို့ဖြစ်။**
- **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင် (၁၀)ခု၊ အချုပ်ထောင် (၁)ခု၊ အလုပ်စခန်း (၉)ခု၊ ရဲစခန်းအချုပ်ခန်း (၁၂)ခုနှင့် တရားရုံးအချုပ်ခန်း (၃)ခုတို့ကို ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့်ညီမညီ၊ လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့။**